# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (၂၀၁၈ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့ မှ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့ အထိ )လုပ်ငန်း ဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာ အကျဉ်းချုပ်အား ထုတ်ပြန်ခြင်း

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ **၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်** (၂၀၁၈ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့ မှ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့ အထိ )လုပ်ငန်း ဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၂၄ (ဆ) နှင့် နည်းဥပဒေ ၁၄၈ အရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ လုပ်ငန်း ဆောင်ရွက်ချက်များကို ပြည်ထောင်စု အစိုးရအဖွဲ့မှတဆင့် ၂၀၂၀ ပြည့်နှစ် မေလ ၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ဒုတိယအကြိမ် ပြည်ထောင်စု လွှတ်တော် (၁၆) ကြိမ်မြောက် ပုံမှန် အစည်းအဝေး ဒုတိယနေ့၌ အစီရင်ခံ တင်ပြခဲ့ပြီး ဖြစ်ပါသည်။ ဆက်လက်၍ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ ၁၄၈ နှင့်အညီ အစီရင်ခံစာ အကျဉ်းချုပ်အား ဆက်လက် ထုတ်ပြန်အပ်ပါသည်။

၂။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်အနေဖြင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေးအတွက် လိုအပ်သော အမိန့်ကြော်ငြာစာများဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီအဖွဲ့ဝင် အစားထိုးခန့်အပ်ခြင်း၊ ပဲခူးတိုင်း ဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီအဖွဲ့ဝင် အစားထိုးခန့်အပ်ခြင်း၊ ပဲခူးတိုင်းဒေသကြီး ရင်းနှီး မြှုပ်နှံမှု ကော်မတီ၏ အဖွဲ့ဝင်များ ပြောင်းလဲခန့်အပ်ခြင်း၊ မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ ၏ အဖွဲ့ဝင်ပြောင်းလဲခန့်အပ်ခြင်း၊ ဧရာဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှု ကော်မတီ ၏ အတွင်းရေးမှူး ပြောင်းလဲခန့်အပ်ခြင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်ခြင်း စသည်တို့အား ၂၀၁၈ ခုနှစ် အောက်တိုဘာလ မှ ၂၀၁၉ ခုနှစ် စက်တင်ဘာလ အတွင်း ထုတ်ပြန်နိုင်ခဲ့ပါသည်။

၃။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် အနေဖြင့် ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့ မှ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့ အထိ(၁၂) လတာ ကာလအတွင်း ကော်မရှင်အစည်းအဝေး (၂၁) ကြိမ် ပြုလုပ်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေး ဆုံးဖြတ် ခဲ့ပါသည်။

၄။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် စုစုပေါင်း လုပ်ငန်း အသစ် (၂၈၂) ခုအား ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ ၂,၇၆၄.၁၂၈ သန်းဖြင့် ဆောင်ရွက်ရန် ခွင့်ပြုခဲ့ပြီး၊ ဆောင်ရွက်ဆဲလုပ်ငန်း (၉၇) ခုအား ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန် ဒေါ်လာ ၁,၃၉၄.၃၄၆ သန်း ထပ်မံတိုးမြှင့် ဆောင်ရွက်ရန် ခွင့်ပြုခဲ့သဖြင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန် ဒေါ်လာ ၄,၁၅၈.၄၇၄ သန်းအား လုပ်ငန်း ဆောင်ရွက်နိုင်ရန် ခွင့်ပြုပေးခဲ့ပါသည်။ အခြားတစ်ဖက်တွင် သီလဝါအထူးစီးပွားရေးဇုန်မှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း (၁၆) ခုအား ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၃၆၂.၂၈၀ သန်း ခွင့်ပြုပေးခဲ့သဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြုပမာဏမှာ အမေရိကန် ဒေါ်လာ ၄၅၂၀.၇၅၄ သန်း ခွင့်ပြုပေးနိုင်ခဲ့ပါသည်။

၅။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ခွင့်ပြုခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများမှ ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့ မှ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့ အထိ (၁၂) လတာ ကာလအတွင်း ပြည်တွင်းသို့ လုပ်ငန်းဆောင်ရွက်ရန် နိုင်ငံပေါင်း ၂၈ နိုင်ငံမှ အမှန် စီးဝင်လာသော ရင်းနှီးမြှုပ်နှံမှုပမာဏ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၇၆၆.၁၁၇ သန်း ရှိပါသည်။

၆။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် စုစုပေါင်း လုပ်ငန်း အသစ် (၁၆၉) ခု အား ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ ၃၈၁.၆၃၈ သန်း အပါအဝင် ကျပ် ၁,၄၃၄.၈၇၃ ဘီလီယံ ဖြင့် ဆောင်ရွက်ရန် ခွင့်ပြုခဲ့ပြီး၊ ဆောင်ရွက်ဆဲ လုပ်ငန်း (၂၅) ခုအား ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ ၉၁.၆၄၇ သန်း အပါအဝင် ကျပ် ၂၅၆.၄၅၉ ဘီလီယံ ထပ်မံ တိုးမြှင့် ဆောင်ရွက်ရန် ခွင့်ပြုခဲ့သဖြင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ ၄၇၃.၂၈၅ သန်း အပါအဝင် ၁,၆၉၁.၃၃၂ ဘီလီယံ အား လုပ်ငန်း ဆောင်ရွက်ရန် ခွင့်ပြုပေးခဲ့ပါသည်။

၇။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အတွင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ စိစစ် ခွင့်ပြုပေးခဲ့သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း (၂၈၂) ခုမှ လုပ်သားအင်အား(၁၇၀၃၃၀) ဦး အလုပ်အကိုင်အခွင့်အလမ်းရရှိရေး ဖန်တီးပေးနိုင်ခဲ့ပြီး မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း (၁၆၉) ခုမှ လုပ်သားအင်အား (၁၉၁၉၃) ဦးအား အလုပ်အကိုင် အခွင့်အလမ်း ရရှိရေး

ဖန်တီးပေးနိုင်ခဲ့သည့်အတွက် ဘဏ္ဍာနှစ် (၁) နှစ်တာအတွင်း ခွင့်ပြုခဲ့သော ရင်းနှီး မြှုပ်နှံမှု လုပ်ငန်းများမှ အလုပ်အကိုင် အခွင့်အလမ်း စုစုပေါင်း (၁၈၉၅၂၃) နေရာ ဖန်တီး ပေးနိုင်ခဲ့ပါသည်။

၈။ ကော်မရှင်၏ လုပ်ငန်းများအား အထောက်အကူပြုနိုင်ရေးအတွက် ကော်မရှင်ရုံး၌ ဖွဲ့စည်းထားသော တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံ ဝန်ဆောင်မှုပေးသည့် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့ (One Stop Services) အနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်သည့် ရင်းနှီး မြှုပ်နှံမှုနှင့် ဆက်စပ်သည့် ၎င်းတို့ဌာနများ၏ ဝန်ဆောင်မှု လုပ်ငန်းများအား အဆင်ပြေ ချောမွေ့အောင် ဆောင်ရွက်ပေးခဲ့ပါသည်။

၉။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အတွင်း ရင်းနှီးမြှုပ်နှံမှု ကြီးကြပ်ရေးဌာနခွဲ၏ ဦးဆောင်မှု ဖြင့်တိုင်းဒေသကြီးနှင့် ပြည်နယ် (ရုံးခွဲ) များနှင့် ပူးပေါင်းပြီး ဌာနဆိုင်ရာ ပူးပေါင်း အဖွဲ့ (One Stop Services) ဖြင့် ကော်မရှင်မှ ခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအနက် စီးပွားဖြစ် စတင်ပြီး လုပ်ငန်းလည်ပတ်လျက်ရှိသော လုပ်ငန်း (၂၃၂) ခု၊ တည်ဆောက်ရေး ကာလ အတွင်း ဆောင်ရွက်နေသော လုပ်ငန်း (၁၂၁) ကြိမ်နှင့် အခြားလုပ်ငန်းများအား အခြေအနေ စစ်ဆေး ခြင်း (၃) ကြိမ် စုစုပေါင်း လုပ်ငန်း (၃၅၆) ကြိမ်တို့အား ဥပဒေ စည်းမျဉ်း/စည်းကမ်းများနှင့်အညီ လုပ်ငန်းဆောင်ရွက်မှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ပါသည်။

၁၀။ ထို့အပြင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အစီအစဉ်နှင့် ပတ်သက်၍ အလားအလာရှိသော ပြည်ပနိုင်ငံ (၆) နိုင်ငံသို့ အကြိမ်ရေ (၁၁)ကြိမ် သွားရောက်ခဲ့ပြီး၊ ပြည်တွင်းတွင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အစီအစဉ် (၂၉) ကြိမ် ဆောင်ရွက်ခဲ့ပြီး၊ ပြည်တွင်း/ပြည်ပ စုစုပေါင်း (၃၅) ကြိမ် ကျင်းပနိုင်ခဲ့ပါကြောင်း အကျဉ်းချုပ် အစီရင်ခံစာ ထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် အတွင်းရေးမှူးရုံး**